**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.com

# “ဒုတိယအကြိမ် စစ်ကိုင်းဖိုရမ်” သို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ သဝဏ်လွှာ

**၂၀၂၄ ခုနှစ်၊ ဇန္နဝါရီလ(၃)ရက်။။**

စစ်အာဏာရှင် စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို ချုပ်ငြိမ်းရေးနှင့်**“ဗမာ”**အပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုသစ်တည်ဆောက်ရေးအတွက် နိုင်ငံရေးရည်မှန်းချက်ဖြင့် မတရား အာဏာသိမ်းလိုက်သည့် တပ်မတော်ကိုရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန် တိုက်ပွဲဝင်နေကြသော စစ်ကိုင်းဒေသမှ တော်လှန်ရေး အင်အားစုများ အားလုံး ၂၀၂၄ ခုနှစ်၏ နှစ်သစ်အခါသမယတွင် ဘေးရန်ကင်းရှင်းပြီး ကျန်းမာရွှင်လမ်း ကြပါစေကြောင်း နှင့် လိုအင်ဆန္ဒများပြည့်ဝပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မည့် ဖက်ဒရယ်ပြည်ထောင်စု ကို တည်ဆောက်ရန် စစ်ကိုင်းတိုင်းအတွင်းရှိတော်လှန်ရေးအဖွဲ့အစည်းအင်အားစုများ နှင့် ပြည်သူလူထုများတို့သည် ၂၀၂၃ ခုနှစ် မေလ(၃၀-၃၁)ရက်နေ့တို့တွင် နိုင်ငံရေးလိုအပ်ချက်အရ ပထမအကြိမ် စစ်ကိုင်းဖိုရမ်ကြီးကို အခက်အခဲစိန်ခေါ်မှုကြားထဲမှပြုလုပ်ခဲ့ကြပြီး မွေးဖွားလာခဲ့သည့် **“စစ်ကိုင်းဖိုရမ်“** ကြီးသည် ၂၀၂၄ ခုနှစ်၊ ဇနဝါရီလ(၃)ရက်နေ့မှ (၅)ရက်နေ့ အထိ **“ ဒုတိယအကြိမ် စစ်ကိုင်းဖိုရမ်”** ကြီးကို ထပ်မံကျင်းပပြုလုပ်မည် ဖြစ်သည့်အတွက် ဖိုရမ် ၏ ရည်ရွယ်ထားရှိသည့် ရည်မှန်းချက်များ ရရှိရန်နှင့် ရလဒ်ကောင်းများထွက်ရှိစေရန်လည်း ဆန္ဒပြုအပ်ပါသည်။

ပထအကြိမ်ဖိုရမ်မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များထဲမှ နိုင်ငံရေးရည်မှန်းချက်အရ ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်အား အပြည့်အဝအာမခံသည့်မိမိကြမ္မာ မိမိဖန်တည်းခွင့်ကို ကျင့်သုံးပြီး မတူကွဲပြားမှုများကို အင်အားအဖြစ် စုစည်းကာ စစ်ကိုင်းတိုင်းအနေဖြင့် **“ဖက်ဒရယ်ယူနစ်”** တစ်ခုအဖြစ်ပါဝင်နိုင်ရန် ကြိုးစားဖွဲ့စည်းတည်ဆောက်မည်ဟု သဘောထား

ဆုံးဖြတ်ချက် ထားရှိသည့်အပေါ် ဒုတိယအကြိမ် စစ်ကိုင်းဖိုရမ် ကြီးမှ **"စစ်ကိုင်းတိုင်းဖက်ဒရယ်ကောင်စီ"** တရပ် ပေါ်ပေါက်လာပါစေကြောင်း နှင့် ပြည်ထောင်စုကြီးအတွင်းရှိ **"စစ်ကိုင်းဖက်ဒရယ်ယူနစ်"** တစ်ခု အဖြစ် သမိုင်းမော်ကွန်းသစ် တင်နိုင်ပါစေကြောင်း ထပ်လောင်း ဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံလွပ်လပ်ရေးရပြီး နှစ်ပေါင်း(၇၀)ကျော်ကြာကာလအတွင်း"**ဖက်ဒရယ်**"ဆိုသည်မှာ တိုင်းပြည်ကို အစိပ်စိပ်အမွှာမွှာပြိုကွဲမည်ဟု အယုံသွင်းသွပ်သွင်းမှုကြောင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရပြီးဖြစ်သော်လည်း မြန်မာနိုင်ငံအတွက် အမှန်တကယ်ကိုက်ညီ သည့် နိုင်ငံရေးစနစ်တစ်ခုဖြစ်သည့်အတွက် နောက်ဆုံးတွင် ဗမာ လူမျိုးများကိုယ်တိုင် သိရှိနားလည်လာကြ ပြီး တိုင်းရင်းသားလူမျိုးများအားလုံးနှင့်အတူ သွေးစည်းချစ်ကြည်စွာဖြင့် ဖက်ဒရယ်ပြည်ထောင်စုကြီး အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မည့် အခွင့်ကို ယခုလို စစ်ကိုင်းတိုင်းဖိုရမ်မှ နိုင်ငံရေးအရ ရှေ့ထွက်ပြီး ဦးဆောင်ပြသလိုက်ခြင်းသည် ခေတ်ပြောင်း၊ စနစ်ပြောင်းအတွက် အခြားဒေသများကိုလည်း စံနမူနာ ဖြစ်စေကာ သမိုင်းမှတ်ကျောက်တင်နိုင်ရန် ကြီးမားသောခွန်အားကို ဖြစ်စေပါသည်။

ဤ "ဒုတိယအကြိမ် စစ်ကိုင်းဖိုရမ်" မှသည် နိုင်ငံရေးအရ ပိုမိုရှိစုစည်းမှု၊ ကျစ်လစ်မှု၊ နားလည်မှု၊ ပူးပေါင်း ဆောင်ရွက်မှုများ အားကောင်းလာခြင်းနှင့်အတူ တစ်ခုတည်းသောနိုင်ငံရေး ရည်မှန်းချက် အောက်တွင် "ဖက်ဒရယ်ယူနစ်" တစ်ခုအဖြစ် ဖြစ်ပေါ်လာစေကာ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသည့် နောက်ထပ် အလားတူ အခြားဒေသများကလည်း မိမိကြမ္မာ မိမိဖန်တည်းသည့် လှုပ်ရှားမှုများဖြင့် "ဖက်ဒရယ်ယူနစ်" များအဖြစ် ပေါ်ပေါက်လာစေပြီး ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေး လုပ်ငန်းများ ဖော်ထုတ်လာကာ မိမိတို့ အားလုံးပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် ဖော်ဆောင်ရေးကို အားကောင်းလာစေမည် ဖြစ်ပါသည်။

ထို့ကြောင့် "ဒုတိယအကြိမ်စစ်ကိုင်းဖိုရမ်" မှတဆင့် "**စစ်ကိုင်းတိုင်းဖက်ဒရယ်ကောင်စီ**" တစ်ရပ် ပေါ်ပေါက် လာစေကြောင်း ဆန္ဒပြုရင်း အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုသစ် တည်ဆောက်ရေးတွင် ပါဝင်သက်ဆိုင်သူ(Stakeholder)များအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးအနေဖြင့် အဆင်သင့်ရှိပါကြောင်း ဆန္ဒပြုရင်း ဤသဝဏ်လွှာအား ပေးပို့အပ် ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**